ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း
REVENUE STAMP

၂၅၀ ကျပ် နှစ်ရာ့ငါးဆယ်ကျပ် K 250

( ၁ )

# "မီးစက်အရောင်းအဝယ်– နှစ်ဦးသဘောတူကတိစာချုပ်"

**Brand New Matador Generator MC-138AS (Silent Type) 125KVA (1)Unit**

**(SO No. HP-UNT-BSO-2024-02-0001)**

**(Sr No. )**

**Contract No. WL-MS-101/2024**

၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ (၈)ရက်နေ့တွင် ဘားအံမြို့၌ အောက်အမည်ပါသူတို့က Brand New Matador Generator MC-138AS (Silent Type) 125KVA (1)Unit မီးစက် အရောင်းအဝယ်သဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြသည်မှာ–

မီးစက်ရောင်းချသူ ။ ။ ဦးဇာနည်ဟိန်း (ဘ) ဦးစိုးသီဟဦး
မှတ်ပုံတင်အမှတ်– ၁၂/ရပသ(နိုင်)၀၉၇၅၂၂
(for and on the behalf of Winning Way Co., Ltd.)
အမှတ်(၁၁၈၄)၊ ဘားအံ–ထုံးအိုင်၊ ထောင်ဝိကွင်း၊ ဘားအံမြို့၊ ကရင်ပြည်နယ်။

မီးစက်ဝယ်ယူသူ ။ ။ ဒေါ်နန်းရီရီဝင်း (ဘ) ဦးသာဦး
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၃/ဘအန(နိုင်)၁၃၆၆၄၄
လိပ်စာ– အမှတ်(၂၁)၊ ရွှေကုက္ကိုလ်မြိုင်၊ မြဝတီမြို့။
ဖုန်း– ၀၉–၇၉၉၉၃၄၃၂၀။

(မီးစက်ရောင်းချသူနှင့် မီးစက်ဝယ်ယူသူဟူသော စကားရပ်များကိုအဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဤသဘောတူစာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ၄င်းတို့ကိုယ်တိုင်အသီးသီးတို့အပြင် ၄င်းတို့၏ ဇနီး/ခင်ပွန်း၊ သား/သမီးများ၊ အမွေစား/အမွေခံများ၊ ဥပဒေနှင့်အညီအကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများအားလုံး ပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

<u>အရောင်းအဝယ်ပြုတန်ဖိုးသတ်မှတ်ခြင်း</u>

**၁။** မီးစက် ရောင်းချသူသည် ကုမ္ပဏီစီးပွားရေးလုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် မီးစက်ရောင်းချသူမှ ပိုင်ဆိုင်သော Brand New Matador Generator MC-138AS (Silent Type) 125KVA (1)Unit အတွက် တန်ဖိုးငွေ **USD –20,000/- (USD – Twenty Thousand Only)** (ကုန်သွယ်လုပ်ငန်းခွန်အပါအဝင်ဈေးနှုန်း) ကို ကာလပေါက်ဈေးနှင့် ညီမျှသောမြန်မာကျပ်ငွေ **Landed Customer Site (MWD)** နှုန်းဖြင့် ရောင်းချရန်အတွက် အဆိုပြုကမ်းလှမ်း လာသည်ကို အဆိုပါ တန်ဖိုးဖြင့်ပင် ဝယ်ယူရန် မီးစက်ဝယ်ယူသူမှ သဘောတူညီသဖြင့် ယနေ့တွင် ဤသဘောတူ စာချုပ်ကိုချုပ်ဆို၍ မီးစက်ဝယ်ယူသူမှ နောက်ဆက်တွဲပါ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူညီပြီး ဖြစ်သည်ဟု မှတ်ယူဝန်ခံလျက် နှစ်ဦးသဘောတူ ရောင်းချလိုက်ပါသည်။

**၂။** ဤစာချုပ်ပါ "မီးစက်"ဟူသောစကားရပ်တွင် လက်ငင်းရောင်းချသည့် မူလမီးစက်နှင့်စက်အပိုပစ္စည်းများ၊ မီးစက်ရောင်းချသူမှ လဲလှယ်တပ်ဆင်ပေးသည့် စက်အပိုပစ္စည်းများ ပါဝင်သည်ဟုမှတ်ယူရမည်။ သို့ရာတွင် မီးစက်ဝယ်ယူသူမှ မိမိသဘောအလျောက် မီးစက်ရောင်းချသူ၏ ခွင့်ပြုချက်မရရှိပဲ လဲလှယ်တပ်ဆင်ထားသည့် မီးစက်နှင့်စက်အပိုပစ္စည်းများ ပါဝင်ခြင်းမရှိစေရ။

စာမျက်နှာ(၂)သို့

Scanned with CamScanner

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ကျပ် ငွေနှစ်ရာငါးဆယ်ကျပ် K 250



၃။ ရောင်းချသူကမိမိရောင်းချသော Brand New Matador Generator MC-138AS (Silent Type) 125KVA (1)Unit မီးစက်သည်အသစ်ဖြစ်ကြောင်းနှင့် ယင်းမီးစက်အား (၁)နှစ်ခွဲ (သို့မဟုတ်)နာရီပေါင်း (၂,၀၀၀) စေ့ရောက်အသုံးပြုပြီးသည်အထိအာမခံပါသည်။ စေ့ရောက်သည့်နေ့ဆိုသည်မှာ စတင်ဝယ်ယူချိန်မှစ၍ တစ်နှစ်ခွဲပြည့်မြောက်သောနေ့ (သို့မဟုတ်) အသုံးပြုနာရီ(၂,၀၀၀) ပြည့်သည့်ကာလ (နှစ်)ခုအနက် စောစွာသောရက်ကို သတ်မှတ်ခြင်းဖြစ်ပါသည်။

၄။ မီးစက်ဝယ်ယူသူသည် မိမိဝယ်ယူသည့်မီးစက်ကို လက်ခံရရှိသည့်အခါတွင်မိမိမှာယူသည့်အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့်တိုက်ဆိုင်စစ်ဆေး၍ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးလက်ခံရမည်။

၅။ အာမခံသည့်ကာလအတွင်း မီးစက်ဝယ်ယူသူ (သို့မဟုတ်) ဝယ်ယူသူ၏ဝန်ထမ်းများ ပေါ့လျော့မှုကြောင့် ပြင်ဆင်ရာတွင် စက်အရံပစ္စည်း (Spare Parts) တစ်စုံတစ်ရာ အစားထိုးလဲလှယ်ပေးရပါက မီးစက်ဝယ်ယူသူက အဆိုပါပစ္စည်း၏တန်ဖိုးကို ပေးရန်တာဝန်ရှိကြောင်း သဘောတူညီပါသည်။

၆။ အာမခံသည့်ကာလအတွင်း မီးစက်များပြင်ဆင်ရန်အကြောင်းပေါ်ပေါက်ပါက ပြင်ဆင်ရမည့်မီးစက်၏ တည်ရှိရာနေရာသည် ရောင်းချသည့်ကုမ္ပဏီသို့မဟုတ် ကုမ္ပဏီရုံးခွဲတည်ရှိရာနေရာမှ မိုင်(၄၀)အတွင်းဖြစ်လျှင် ကုမ္ပဏီအလုပ်သမားများသည် စက်ကိုအခမဲ့ပြင်ဆင်ပေးမည်ဖြစ်ပါသည်။

၇။ ရောင်းချလိုက်သည့်မီးစက်များကို ပစ္စည်းလွှဲပြောင်းလက်ခံရမည့်နေ့ရက်မှစ၍ (၁)လအတွင်း ပစ္စည်းလွှဲပြောင်းလက်ခံရယူရမည်။ ပစ္စည်းလွှဲပြောင်း လက်ခံရမည့်နေ့မှ (၂)လအတွင်း ပစ္စည်းလွှဲပြောင်း လက်ခံရယူခြင်း မရှိပါက အခြားဝယ်ယူမည့်သူများသို့ မီးစက်ကိုလွှဲပြောင်းရောင်းချမည်ဖြစ်ပြီး နောက်တစ်ကြိမ်ပစ္စည်းလက်ခံရရှိသည့်အခါမှသာ မီးစက်ကိုရရှိနိုင်မည်ဖြစ်ကြောင်း မီးစက်ဝယ်ယူသူမှ သဘောတူပါသည်။

<u>ငွေပေးချေခြင်းစနစ်</u>

၈။ မီးစက်ဝယ်ယူသူသည် Brand New Matador Generator MC-138AS (Silent Type) 125KVA (1)Unit အတွက် တန်ဖိုးငွေ USD –20,000/- (USD – Twenty Thousand Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့် (၈–၂–၂၀၂၄) ရက်နေ့တွင် (RV No. HQT-RV-2024-02-0225) ဖြင့် ရောင်းချသူ၏ ဘားအံရုံးသို့ ပေးချေရာ လက်ခံရရှိပြီးဖြစ်ပါသည်။

<u>ရောင်းချသူ၏တာဝန်များ</u>

၉။ မီးစက်ရောင်းချသူသည် မီးစက်ဝယ်ယူသူထံသို့ မီးစက်ကို ၂၀၂၄ ခုနှစ် ၊ ဖေဖော်ဝါရီလတွင် ကုမ္ပဏီ၏ ပစ္စည်းထုတ်ပြေစာနှင့်တကွ မီးစက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို စက်နှင့်အတူတစ်ပါတည်း လက်ရောက်လွှဲပြောင်းပေးအပ်ရာ မီးစက်ဝယ်ယူသူမှ လက်ခံရရှိပါသည်။

၁၀။ ဤစာချုပ်နှင့်ပူးတွဲပါစာရွက်စာတမ်းအားလုံးသည်တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၁။ ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့် ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက **Winning Way Co., Ltd.** အထွေထွေမန်နေဂျာ **(General Manager)** နှင့် မီးစက်ဝယ်သူဘက်မှ တာဝန်ယူ ဆုံးဖြတ်နိုင်သည့်ပုဂ္ဂိုလ်တို့၏ နှစ်ဦးနှစ်ဖက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် သဘောတူပါသည်။

စာမျက်နှာ(၃)သို့

Scanned with CamScanner

No.592, Bo Aung Kyaw Street, Yangon-Pathein ...
Hlaing Thar Yar Township, Yangon.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ ကျပ် နှစ်ရာ့ငါးဆယ်ကျပ် K 250



ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို မီးစက်ရောင်းချသူနှင့်မီးစက်ဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည် ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိကောင်းစွာ နားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာအသုံးပြုခြင်းစသည်တို့ လုံးဝကင်းရှင်းလျှက် မိမိတို့၏လွပ်လပ်သောသဘောဆန္ဒနှင့်အညီ အောက်ပါ အသိသက်သေများ၏ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

| မီးစက်ရောင်းချသူ | မီးစက်ဝယ်ယူသူ |
|---|---|
| (signature) | (signature) |
| ဦးဇာနည်ဟိန်း (၁၂/ရပသ(နိုင်)ဝ၉၇၅၂၂) | ဒေါ်နန်းရီရီဝင်း (၃/ဘအန(နိုင်)၁၃၆၆၄၄) |
| (for and on the behalf of Winning Way Co., Ltd.) | |

<u>အသိသက်သေများ</u>

လက်မှတ် – (signature)
အမည် – ဝိုင်းထက်အောင်
နသအမှတ် – ၁၂/လကန(နိုင်)၂၃၉၄၇၀
နေရပ် – အမှတ်(၁၁၈၄)၊ဘားအံ-ထုံးအိုင်၊ ထောင်ဝိကွင်း၊ ကရင်ပြည်နယ်၊ဘားအံမြို့။

လက်မှတ် – (signature)
အမည် – ဒေါ်နှင်းဖြူဖြူစိုး
နသအမှတ် – ၃/ဘအန(နိုင်)[illegible]
နေရပ် – [illegible]

လက်မှတ် – (signature)
အမည် – သီရိရွှေ
နသအမှတ် – ၁၂/မရက(နိုင်)၁၆၅၈၆၇
နေရပ် – အမှတ်(၁၁၈၄)၊ဘားအံ-ထုံးအိုင်၊ထောင်ဝိကွင်း၊ ကရင်ပြည်နယ်၊ဘားအံမြို့။

Scanned with CamScanner